နယူးယောက်ပြည်နယ်၏

# ယာဉ်မောင်းလိုင်စင်ဥပဒေ အောင်မြင်ပြီးဆုံးခြင်း (GDL)

အကျဉ်းချုပ်ခြုံငုံသုံးသပ်ချက်တစ်ခု



# မိဘတစ်ဦး၏ လက်စွဲ/လမ်းညွှန်

နယူးယောက်ပြည်နယ် နယူးယောက်မြို့နှင့် Long Island မှအပ ကျန်ခရိုင်များအားလုံး

မှတ်ချက်။ ဤလမ်းညွှန်သည် GDL၏ အကျဉ်းချုပ်ခြုံငုံသုံးသပ်ချက်တစ်ခုကို ဖော်ပြထားသည်။ နောက်ထပ်အသေးစိတ်အချက်အလက်အတွက် မိဘများသည် DMV ဝက်ဘ်ဆိုက်ရှိ DMV.ny.gov သို့သွားရောက်လေ့လာသင့်ပါသည်။

## သင်၏ဆယ်ကျော်သက်ကလေး ကားမောင်းခြင်းမစတင်မီ သင်နှင့်သင့်ဆယ်ကျော်သက်ကလေးနှစ်ယောက်စလုံး သိထားသင့်သောအကြောင်းအရာ အနည်းငယ်ရှိပါသည်။

### သတင်းဆိုးများ။ အတွေ့အကြုံမရှိခြင်းကြောင့် ဆယ်ကျော်သက်များသည် ယာဉ်တိုက်မှုပိုဖြစ်လေ့ရှိသည်။

အသက်ငယ်ရွယ်သောယာဉ်မောင်းများသည် အခြားသောအသက်အရွယ်အုပ်စုများထက် ယာဉ်တိုက်မှုများတွင်ပိုမိုပါဝင်လေ့ရှိသည်။ ဆယ်ကျော်သက်များပါဝင်သော ယာဉ်တိုက်မှုများသည်လည်း ပိုမိုဆိုးရွားလေ့ရှိသည်။ ကြီးကြပ်သူမပါဘဲမောင်းနှင်သော ပထမတစ်နှစ်သည် အတွေ့အကြုံမရှိသောကြောင့် အန္တရာယ်အရှိဆုံးဖြစ်သည်။

### သတင်းကောင်းများ။ ယာဉ်မောင်းလိုင်စင်ဥပဒေအောင်မြင်စွာပြီးဆုံးခြင်းသည် လူ့အသက်များကိုကယ်တင်နိုင်သည်။

ယာဉ်တိုက်မှုများသည် ကာကွယ်နိုင်ချေရှိသည်။ နယူးယောက်ပြည်နယ်၏ ယာဉ်မောင်းလိုင်စင်ဥပဒေအောင်မြင်စွာပြီးဆုံးခြင်း(GDL)သည် ဆယ်ကျော်သက်များအား ၎င်းတို့၏ စွမ်းရည်များကို တဖြေးဖြေးချင်းဘေးကင်းစွာ တည်ဆောက်နိုင်ရန်နှင့် ယာဉ်မောင်းရာ၌ အတွေ့အကြုံရရှိစေရန် ကူညီပေးခြင်းဖြင့် ဆယ်ကျော်သက်များအား ယာဉ်တိုက်မှုများမှကာကွယ်ပေးရန် ဒီဇိုင်းပြုလုပ်ထားပါသည်။ သက်သေလိုအပ်ပါသလား။

> NYS GDL ဥပဒေသည် ၁၆နှစ်နှင့် ၁၇နှစ်အရွယ်ယာဉ်မောင်းများအတွက် ယာဉ်တိုက်မှုများ ၈၀% လျော့ကျစေရန်အတွက် တာဝန်ရှိပါသည်။ ဤဥပဒေ၌ တားမြစ်ချက်အားလုံးအတွက် အကြောင်းပြချက်တစ်ခုရှိသည်။ (ခရီးသည်အရေအတွက် ကန့်သတ်ချက်၊ ညမထွက်ရအမိန့် အစရှိသဖြင့်)
>
> ဤမဟာဗျူဟာများအလုပ်ဖြစ်ကြောင်း သုတေသနမှ ဖော်ပြထားသည်။

### သင့်ဆယ်ကျော်သက်ယာဉ်မောင်းအန္တရာယ်ကင်းစေရန် သင်မည်သို့ပြုလုပ်နိုင်မည်နည်း။

သင့်ဆယ်ကျော်သက်ယာဉ်မောင်းသည် ယာဉ်မောင်းထိုင်ခုံတွင် ရှိနေသည့်အခါ သင်သည် ခရီးသည်တစ်ဦးမျှသာ မဟုတ်တော့ပါ။  သင်သည် သင့်ဆယ်ကျော်သက်ယာဉ်မောင်းအတွက် နံပါတ် ၁ လွှမ်းမိုးသူဖြစ်သည်။ သင်၏ငယ်ရွယ်သောယာဉ်မောင်းအား လမ်းများနှင့်ကန့်သတ်ချက်မရှိသော လိုင်စင်ရရှိရေးလုပ်ငန်းစဉ်အတွက် လမ်းညွှန်ပြီး ကူညီပေးနိုင်ရန်အတွက် ဥပဒေနှင့်အကျွမ်းတဝင်ရှိစေရန် ဤလမ်းညွှန်ကို အသုံးပြုပါ။



ဤလမ်းညွှန်သည် NY အထက်ပိုင်း(နယူးယောက်မြို့နှင့် Long Island မှအပ ကျန်ခရိုင်များအားလုံး) တွင် မောင်းနှင်မည့် သက်ငယ်တန်းယာဉ်မောင်းသင်ခွင့်ပါမစ်နှင့် သက်ငယ်တန်းယာဉ်မောင်းလိုင်စင်ကိုင်ဆောင်ထားသူများအတွက် GDL ကန့်သတ်ချက်များအား ဖော်ပြထားသည်။

**ကန့်သတ်ချက်များအား သင်နေထိုင်သည့်နေရာတွင်မဟုတ်ဘဲ သင့်ဆယ်ကျော်သက်ယာဉ်မောင်းသည့်နေရာတွင် အသုံးပြုထားသည်။**

## လိုင်စင်အဆင့်များ

အသက်ငယ်ရွယ်သောယာဉ်မောင်းများအတွက် လိုင်စင်အဆင့်သုံးဆင့်ရှိပါသည်။

### 1 သက်ငယ်တန်းယာဉ်မောင်းသင်ခွင့်ပါမစ်/သက်ငယ်တန်းမော်တော်ဆိုင်ကယ်အမောင်းသင်ခွင့်ပါမစ်

- အနည်းဆုံးအသက်မှာ ၁၆ နှစ်ဖြစ်သည်။
- ရေးဖြေစာမေးပွဲအောင်မြင်ရန် လိုအပ်သည်။
- ကားမောင်းနေစဉ် မိဘ၏ကြီးကြပ်မှုရှိရမည်။
- နောက်ထပ်အချက်အလက်အတွက် စာမျက်နှာ ၃ ကိုကြည့်ပါ။

### 2 သက်ငယ်တန်းယာဉ်မောင်းလိုင်စင်/သက်ငယ်တန်းမော်တော်ဆိုင်ကယ်လိုင်စင်(ကန့်သတ်ထားသည်)

- သတ်မှတ်ချိန်အတွင်းအပြင်မထွက်ရအမိန့်နှင့် ခရီးသည်ကန့်သတ်ချက်များဖြင့် ကြီးကြပ်မှုမရှိသောယာဉ်မောင်းခြင်းအတွက် ခွင့်ပြုသည်။
- နောက်ထပ်အချက်အလက်အတွက် စာမျက်နှာ ၅ ကိုကြည့်ပါ။

### 3 ကြီးကြပ်သူမပါသောယာဉ်မောင်း/မော်တော်ဆိုင်ကယ်လိုင်စင်

- အနည်းဆုံးအသက်မှာ ၁၈ နှစ် သို့မဟုတ် ယာဉ်မောင်းပညာရေးနှင့်အတူ အသက် ၁၇ နှစ် ဖြစ်သည်။
- ၎င်းသည် ကန့်သတ်ချက်မရှိသော လိုင်စင်ဖြစ်သည်။ (GDL ကန့်သတ်ချက်များမရှိပါ)
- နောက်ထပ်အချက်အလက်အတွက် စာမျက်နှာ ၉ ကိုကြည့်ပါ။

လိုင်စင်အဆင့်သုံးဆင့်စလုံးအား ဖြတ်သန်းခြင်းသည် သင်၏ဆယ်ကျော်သက်ကလေးအား ပိုမိုယုံကြည်စိတ်ချရသော ယာဉ်မောင်းတစ်ဦးဖြစ်လာစေရန် လိုအပ်သောအချိန်နှင့် အတွေ့အကြုံကိုပေးပါသည်။

**သတိရပါ။** အခြားအရာများကဲ့သို့ သင်သည် သင့်ကလေးအကြောင်း အသိဆုံးဖြစ်သည်။ ဤလမ်းညွှန်တွင်ဖော်ပြထားသော ကန့်သတ်ချက်များသည် သင့်ဆယ်ကျော်သက်ကလေး လိုက်နာရမည့် အနည်းဆုံးဘေးကင်းလုံခြုံရေးစည်းကမ်းများဖြစ်သည်။ အကယ်၍ သင့်ကလေးသည် ယာဉ်မောင်းနေစဉ် တာဝန်ယူရန်အတွက် အဆင်သင့်မဖြစ်သေးသကဲ့သို့ သင်ခံစားရပါက သင်သည် ပိုမိုတင်းကျပ်ရန်ရွေးချယ်ပါလိမ့်မည်။

# အဆင့် ၁။ သက်ငယ်တန်းယာဉ်မောင်းသင်ခွင့်ပါမစ်

ဤအဆင့်သည် သင်ယူမှုအဆင့်ဖြစ်သည်။ ၎င်းသည် အသက်ငယ်ရွယ်သော ယာဉ်မောင်းများအား ကန့်သတ်ထားသော မောင်းနှင်ခြင်းမှတစ်ဆင့် မော်တော်ယာဉ်တစ်စင်း၏ အခြေခံမောင်းနှင်ခြင်းကို သင်ယူရန် ခွင့်ပြုထားပါသည်။

## သက်ငယ်တန်းယာဉ်မောင်းသင်လက်မှတ်အားလျှောက်ထားရန် သင့်ကလေးသည်

- အနည်းဆုံးအသက် ၁၆ နှစ်ဖြစ်ရပါမည်။
- မှတ်ပုံတင်အထောက်အထား (ဥပမာ - ပတ်စ်ပို့၊ လူမှုဖူလုံရေးကတ်) ရှိရမည်ဖြစ်ပြီး စစ်ဆေးမှုသို့ ယူလာရမည်ဖြစ်သည်။
- နယူးယောက်ပြည်နယ် ယာဉ်မောင်းလက်စွဲအား လေ့လာပါ။ (လက်စွဲစာအုပ်၏ ပုံနှိပ်မိတ္တူများအား ဒေသန္တရ DMV ရုံးများတွင် ရရှိနိုင်ပြီး အွန်လိုင်းဗားရှင်းတစ်ခုကို http://dmv.ny.gov/driver-license/drivers-manual-practice-tests တွင် ရရှိနိုင်ပါသည်။
- လျှောက်လွှာတစ်ခုဖြည့်စွက်ပါ။(DMV ပုံစံ MV-44)
- ရေးဖြေစမ်းသပ်မှုနှင့် မျက်စိစမ်းသပ်မှုအောင်မြင်ရမည်။

သက်ငယ်တန်းယာဉ်မောင်းသင်လက်မှတ်ရရှိရေး၊ စမ်းသပ်မှု၊ ပုံစံများနှင့် ဝန်ဆောင်ခများအတွက် နောက်ထပ်အချက်အလက်များကို NYS DMV ဝက်ဘ်ဆိုက်သို့ သွားရောက်လေ့လာပါ။ http://dmv.ny.gov/driver-license/get-learner-permit

## သင့်ဆယ်ကျော်သက်ကလေးကို အောင်မြင်မှုအတွက်ပြင်ဆင်ပေးပါ။

သင့်ဆယ်ကျော်သက်ကလေး လမ်းပေါ်သို့မထွက်ခွာမီ အတူတကွထိုင်ကာ ဘေးကင်းလုံခြုံသော ယာဉ်မောင်းနှင်ခြင်း အပြုအမူများ၊ စည်းမျဉ်းများနှင့် ၎င်းတို့ကိုချိုးဖောက်ခြင်းအတွက် ဖြစ်ပေါ်လာမည့်အကျိုးဆက်များအား သတ်မှတ်ရန် ယာဉ်မောင်းသဘောတူညီချက်တစ်ခုကိုဖန်တီးပါ။ နမူနာသဘောတူညီချက်အတွက် အောက်ပါသို့သွားရောက်လေ့လာပါ။ www.safeny.ny.gov/SRO-Toolkit/contract.html




## ယခုယာဉ်မောင်းလေ့ကျင့်ခြင်း စတင်ပါပြီ။

ဘေးကင်းလုံခြုံသောယာဉ်မောင်းတစ်ဦးအားပြုစုပျိုးထောင်ရန်အတွက် အရေးကြီးဆုံးသောအချက်တစ်ခုမှာ လေ့ကျင့်ခြင်းပင်ဖြစ်သည်။ သင့်ဆယ်ကျော်သက်ကလေးသည် သူတို့၏လမ်းပေါ်တွင် လက်တွေ့မောင်းနှင်မှုမပြုလုပ်မီ ၎င်းတို့သည် မိဘအသိအမှတ်ပြုကြီးကြပ်သောယာဉ်မောင်းခြင်း **အနည်းဆုံး** နာရီ ၅၀ကို ပြီးဆုံးရမည်ဖြစ်ပြီး ထိုနာရီများထဲမှ နေဝင်ချိန်ပြီးနောက် ၁၅ နာရီကိုပါ ပြီးဆုံးထားရပါမည်။ သင်နှင့် သင့်ဆယ်ကျော်သက်ကလေး အတူတကွမောင်းနှင်နေသည့်နာရီအရေအတွက်အား ခြေရာခံရန် ယာဉ်မောင်းလေ့ကျင့်မှုမှတ်တမ်းကို အသုံးပြုပါ။ လေ့ကျင့်ထားသောကျွမ်းကျင်မှုများ၊ ကျွမ်းကျင်သူများနှင့် အလုပ်လုပ်ရန်အသစ်များကိုလည်း သင်ချရေးချင်လိမ့်မည်။ NYS ဆယ်ကျော်သက်ယာဉ်မောင်း အရင်းအမြစ်လမ်းညွှန်၏ စာမျက်နှာ ၂၅ တွင် မှတ်တမ်းတစ်ခုရနိုင်သည်။ http://www.nxtbook.com/nxtbooks/nysdmv teenresourceguide/#/30



# သက်ငယ်တန်းယာဉ်မောင်းသင်ခွင့်ပါမစ်ကန့်သတ်ချက်များ

## နယူးယောက်အထက်ပိုင်း

ခွင့်ပြုထားသောလုပ်ရှားမှု = ✓ ခွင့်မပြုထားသောလုပ်ရှားမှု = X

| | နေ့<br>မနက် ၅ နာရီ - ည ၉ နာရီ | ည<br>ည ၉ နာရီ - မနက် ၅ နာရီ |
|---|---|---|
| **သက်ငယ်တန်းယာဉ်မောင်းသင်ခွင့်ပါမစ်ကိုင်ဆောင်သူများသည် ကြီးကြပ်မှုအောက်တွင်သာ မောင်းနှင်နိုင်သည်။** | ✓<br>အသက် ၂၁ နှစ်အထက် NYS လိုင်စင်ကိုင်ဆောင်သူ၏ ကြီးကြပ်မှုအောက်တွင် ဖြစ်ရမည်။ | ✓<br>မိဘ၊ အုပ်ထိန်းသူ၊ ယာဉ်မောင်းပညာရေးဆရာ/ယာဉ်မောင်းကျောင်းမှ နည်းပြဆရာ သို့မဟုတ် loco parentis[၁]တွင်သတ်မှတ်ထားသောသူကဲ့သို့သော အသက် ၂၁ နှစ်အထက် NYS လိုင်စင်ကိုင်ဆောင်သူ၏ ကြီးကြပ်မှုအောက်တွင် ဖြစ်ရမည်။ |

- ကြီးကြပ်သူယာဉ်မောင်းမှလွဲ၍ မည်သူမျှရှေ့ခုံတွင် မရှိရပါ။
- **ကြီးကြပ်သူယာဉ်မောင်းအဖြစ် မိဘ/အုပ်ထိန်းသူနှင့်**၊ ကားနောက်ခရီးသည်ထိုင်ခုံများအရေ အတွက် အပေါ်တွင် ကန့်သတ်ချက်များမရှိပါ။ **အကယ်၍ ကြီးကြပ်သူယာဉ်မောင်းသည် မိဘ/အုပ်ထိန်းသူ တစ်ဦးမဟုတ်လျှင် (နေ့အချိန်တွင်သာ)။** ခရီးသည်များသည် မိသားစုမဟုတ်လျှင်အသက် ၂၁ အောက်ခရီးသည်တစ်ဦးကိုသာ ခွင့်ပြုသည်။
- ခရီးသည်တစ်ဦးစီတိုင်းသည် ထိုင်ခုံခါးပတ်ကို တပ်ဆင်ရမည်ဖြစ်ပြီး ကလေးခရီးသည်တစ်ဦးစီတိုင်းသည် မှန်ကန်သော ကလေးခုံသိုင်းကြိုးတစ်ခုကို အသုံးပြုရမည်ဖြစ်သည်။ NYS Occupant Restraint ဥပဒေအကြောင်း ပိုမိုသိရှိလိုပါက www.safeny.ny.gov/sesa-ndx.htm သို့ သွားရောက်လေ့လာပါ။
- ယာဉ်မောင်းရန်ခွင့်ပြုချက် ကိုင်ဆောင်ရရှိထားသူများသည် NYC တွင်း မောင်းနှင်ပါက (ဘရိတ်နှစ်ခု) အထိန်းနှစ်ခုပါသောယာဉ်ကိုသာ မောင်းနှင်ရမည်။ ထပ်တိုးကန့်သတ်ချက်များအတွက် NYC GDL လမ်းညွှန်ကို ကြည့်ပါ။ Cross ခရိုင်၊ Hutchinson မြစ်၊ Saw Mill မြစ် သို့မဟုတ် Taconic ပြည်နယ်ရှိလမ်းမများ၊ NYC တွင်းရှိပန်းခြံတွင်းရှိမည်သည့်လမ်းသွယ်မဆို၊ မည်သည့် Tri-borough တံတားနှင့် ဥမင်လမ်းကြောင်းဆိုင်ရာအာဏာပိုင်များ၏ စီရင်ခွင့်ရှိသော တံတားပေါ်နှင့် ဥမင်အောက်တွင်မဆို မောင်းနှင်ခွင့်မရှိပါ။
- မော်တော်ဆိုင်ကယ်မောင်းနှင်ခွင့်လိုင်စင်အတွက် သက်ငယ်တန်းယာဉ်မောင်းသင်ခွင့်ပါမစ်။ ယာဉ်မောင်းကွပ်ကဲသူသည် သင့်ဆယ်ကျော်သက်ယာဉ်မောင်း မောင်းနှင်သော ယာဉ်အမျိုးအစားနှင့် လုပ်ဆောင်ရန်ကိုက်ညီသော ယာဉ်မောင်းလိုင်စင်ရှိရမည်။ ထို့နောက် အထွေထွေလေ့ကျင့်သင်ကြားကြပ်မတ်မှုများပြုလုပ်၍ ယာဉ်မောင်းနှင်မှုကို ခရီးမိုင်လေးပုံတစ်ပုံအတွင်းသာ မောင်းနှင်စေခြင်းဖြင့် ထိန်းချုပ်ရမည်။ လိုက်ပါစီးနင်းသူသည် အချက်အလက်ကိုက်ညီသော ကန့်သတ်မဲ့ မော်တော်ဆိုင်ကယ်မောင်းနှင်ခွင့်လိုင်စင်ရရှိထားသူမဟုတ်ပါက လိုက်ပါစီးနင်းခွင့်မပြုပါ။

**ပြစ်ဒဏ်များ ။ ဒဏ်ကြေး ဒေါ်လာ ၇၅ - ဒေါ်လာ ၃၀၀ ($75-$300) ထောင်ဒဏ် ။ အများဆုံး ၁၅ရက်**

---

loco parentis[၁] = ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး ပုံမှန်/တိုးချဲ့အခြေခံရှိထားလျှင် မိဘ၏အကျင့်စရိုက်နှင့် မိဘဝတ္တရားပျက်ကွက်ခြင်း ရလဒ်အားဖြင့် သေဆုံးခြင်း၊ ဒုက္ခိတဖြစ်ခြင်း သို့မဟုတ် သဘာဝအလျောက် မိဘဖြစ်ခြင်းကို ပျက်ကွက်သည်ဟု ယူဆသည်။

### အဆင့် ၂ သို့ဆက်သွားရန် (သက်ငယ်တန်းယာဉ်မောင်းလိုင်စင်)သင့်ဆယ်ကျော်သက် ယာဉ်မောင်းသူ လုပ်ရမည်မှာ

- ၎င်းတို့၏ သက်ငယ်တန်းယာဉ်မောင်းသင်လက်မှတ်ကို အများဆုံးခြောက်လကိုင်ဆောင်ထားရမည်။
- လိုင်စင်ကြိုသင်တန်း သို့မဟုတ် ယာဉ်မောင်းအသိပညာပေးသင်တန်းအား တက်ရောက်ရမည်။ ("၅ နာရီစာသင်တန်း" ဟူ၍လဲခေါ်သည်)
- မိဘသက်သေခံထားပြီးသော ကွပ်ကဲမှုဖြင့်မောင်းနှင်သင်ယူမှု နာရီ ၅၀ အား ပြီးမြောက်ထားရမည်။ ထိုနာရီ ၅၀ ထဲမှ ၁၅ နာရီသည် နေဝင်ပြီးချိန်၌ မောင်းနှင်မှု၊ လမ်းမပေါ်ယာဉ်မောင်းနှင်မှု စစ်ဆေးခြင်းအတွက် ဦးစားပေးသင်ကြားထားမှု ဖြစ်ရန်လိုအပ်သည်။

  (လေ့ကျင့်မှုဆိုင်ရာ မှတ်တမ်းတစ်ခုကို NYS ဆယ်ကျော်သက်ယာဉ်မောင်း အရင်းအမြစ်လမ်းညွှန် http://www.nxtbook.com/nxtbooks/nysdmv/teenresourceguide/#/30 ၏စာမျက်နှာ ၂၅ တွင်ရနိုင်သည်။)
- DMV ပုံစံ MV-262 ယာဉ်မောင်းကွပ်ကဲမှုဖြင့် မောင်းနှင်ခြင်းလက်မှတ်အား ပြီးမြောက်ရယူပါ။http://dmv.ny.gov/forms/mv262.pdf
- အချိန်ဇယားသတ်မှတ်ပြီး လမ်းပေါ်ယာဉ်မောင်းမှုစစ်ဆေးခြင်းကို ဖြေဆိုပါ။

## အဆင့် ၂။ သက်ငယ်တန်းယာဉ်မောင်းလိုင်စင်

*ဤအဆင့်သည် လေ့ကျင့်မှုအဆင့်ဖြစ်သည်။ ၎င်းသည် ငယ်ရွယ်သောယာဉ်မောင်းတို့၏ လေ့ကျင့်ခြင်းကိုခွင့်ပြုပြီး သင်ခန်းစာများအား သက်ငယ်တန်းယာဉ်မောင်းသင်ခွင့်ပါမစ်အဆင့်အတွင်း တိုးတက်လာအောင်ဆောင်ရွက်သည့် အဆင့်ဖြစ်သည်။ ထပ်တိုးအခွင့်အရေးများသည် ဤအဆင့်တွင် စတင်သည်။*

ဤလမ်းညွှန်တွင်ဖော်ပြထားသော သက်ငယ်တန်းယာဉ်မောင်းလိုင်စင်ကိုင်ဆောင်သူများအတွက် ကန့်သတ်ချက်များသည် သင့်ဆယ်ကျော်သက်ကလေးလိုက်နာရမည့် အနည်းဆုံးဘေးကင်းလုံခြုံရေးစည်းကမ်းများဖြစ်သည်။ အကယ်၍ သင့်ကလေးသည် ယာဉ်မောင်းနေစဉ် တာဝန်ယူရန်အတွက် အဆင်သင့်မဖြစ်သေးသကဲ့သို့ သင်ခံစားရပါက သင်သည် ပိုမိုတင်းကျပ်ရန်ရွေးချယ်ပါလိမ့်မည်။



# သက်ငယ်တန်းယာဉ်မောင်းလိုင်စင်ကန့်သတ်ချက်များ
## နယူးယောက်အထက်ပိုင်း

ခွင့်ပြုထားသောလှုပ်ရှားမှု = ✓ ခွင့်မပြုထားသောလှုပ်ရှားမှု = ✗

| **သက်ငယ်တန်းယာဉ်မောင်းလိုင်စင်ကိုင်ဆောင်သူများ ကြီးကြပ်မှုမပါဘဲမောင်းနှင်နိုင်သည့်မှာ** | **နေ့အချိန် မနက် ၅ နာရီ - ည ၉ နာရီ** | **ညအချိန် ည ၉ နာရီ - မနက် ၅ နာရီ အိမ်မှသွားမည့်နေရာ အသွားအပြန် တိုက်ရိုက်သွားလာခြင်း** | |
|---|---|---|---|
| ကျောင်းသင်ရိုးများ[၁] | ✓ | ✓ | အခွင့်အာဏာရရှိထားပြီးလှုပ်ရှားမှုများအတွက် သင့်ဆယ်ကျော်သက်ယာဉ်မောင်းသည် ကြီးကြပ်သူ သို့မဟုတ် အလုပ်ရှင်၏ လက်မှတ်ထိုးထားသော မှတ်တမ်းစာရွက် ရှိထားရမည်။ |
| အလုပ် | ✓ | ✓ | |
| ကျောင်းပြင်ပသင်ရိုးညွှန်းတမ်းများ၊ အားကစားနှင့် လူမှုရေးဆိုင်ရာလှုပ်ရှားမှုများအပါအဝင် အခြားသောလူမှုရေးလှုပ်ရှားမှုများ | ✓ | ✗ | သင့်ဆယ်ကျော်သက်ယာဉ်မောင်းသည် ယာဉ်မောင်းနှင်ခြင်းအား လုက်ငန်းခွင်၌ဝင်ရောက်လုပ်ကိုင်နေချိန်အတွင်း **မပြုလုပ်**ရပါ။ (ပစ္စည်းပို့ဆောင်ခြင်း စသဖြင့်) |
| | | ညပိုင်းတွင်ပြုလုပ်သော လှုပ်ရှားမှုများအတွက် သင့်ဆယ်ကျော်သက်ကလေးသည် ကြီးကြပ်သူဖြင့်သာ မောင်းနှင်ရမည်။[၂] | |

- **ကြီးကြပ်သူယာဉ်မောင်း** မပါလျှင်[၂] ။ လိုက်ပါစီးနင်းသူများသည် မိသားစုမဟုတ်လျှင် အသက် ၂၁ နှစ်အောက်ခရီးသည်တစ်ဦးကိုသာ လိုက်ခွင့်ပြုသည်။ **ကြီးကြပ်သူယာဉ်မောင်း ပါလျှင်**[၂]လိုက်ပါစီးနင်းသူအရေအတွက်အပေါ် မကန့်သတ်ထားပါ။
- ယာဉ်စီးနင်းလိုက်ပါသူများသည် လုံခြုံရေးခါးပတ် သို့မဟုတ် ကလေးသူငယ်လုံခြုံရေး ထိုင်ခုံကို တတ်ဆင်ရမည်။
- သက်ငယ်တန်းမော်တော်ဆိုင်ကယ်လိုင်စင်။ ကြီးကြပ်သူသည် မော်တော်ဆိုင်ကယ်မောင်းနှင်စဉ်အတွင်း ယေဘုယျကြီးကြပ်မှုနှင့် ထိန်းချုပ်ကွပ်ကဲမှုကို သင်ယူနေသူအတွက် လေ့ကျင့်ပေးရမည်။ ကိုက်ညီမှုရှိသော ကန့်သတ်ချက်မဲ့ မော်တော်ဆိုင်ကယ်လိုင်စင် မပိုင်ဆိုင်ထားလျှင် ခရီးသည်လိုက်ပါစီးနင်းခွင့်မပြုပါ။
- သက်ငယ်တန်းယာဉ်မောင်းလိုင်စင်ရှိသူသည် NYC တွင် မည်သည့်အကြောင်းနှင့်မျှ မောင်းနှင်ခွင့်မပြုပါ။ ထပ်တိုးပြောရမည်ဆိုပါက NYC တွင်းရှိပန်းခြံတွင်းရှိမည်သည့်လမ်းသွယ်မဆို၊ Tri-borough Bridge နှင့် Tunnel Authority၊ the Cross County၊ Hutchinson River၊ Saw Mill River သို့မဟုတ် Taconic State parkways (Tri-borough တံတားနှင့် ဥမင်လမ်းကြောင်းဆိုင်ရာအာဏာပိုင်များ၏ စီရင်ခွင့်ရှိသော တံတားပေါ်နှင့် ဥမင်အောက်တွင်မဆို၊ Cross ခရိုင်၊ Hutchinson မြစ်၊ Saw Mill မြစ် သို့မဟုတ် Taconic ပြည်နယ်ရှိ ပန်းခြံအနီးလမ်းမများ)ပေါ်တွင်မဆို မောင်းနှင်ခွင့်မရှိပါ။

**ပြစ်ဒဏ်များ ။ ဒဏ်ကြေး ဒေါ်လာ ၇၅ - ဒေါ်လာ ၃၀၀ ($75-$300) ထောင်ဒဏ် ။ အများဆုံး ၁၅ရက်**

---

**ကျောင်းသင်ခန်းစာ**[၁] = ပြည်နယ်ကိုယ်စားလှယ် သို့မဟုတ် ဌာန သို့မဟုတ် အမေရိကန်စစ်တပ်မှ ကြီးမှူးကျင်းပသော လေ့ကျင့်မှုများမှရရှိသော သို့မဟုတ် ခွင့်ပြုချက်ရသောညွှန်ကြားမှု၊ ပညာရေး သို့မဟုတ် လေ့ကျင့်မှုလိုင်စင်ကို ရရှိမှသာလျှင်ဖြစ်သည်။ "ကျောင်းသင်ခန်းစာ"ဟူသောအခေါ်အဝေါ်သည် ကျောင်းပြင်ပသင်ရိုးကဲ့သို့သောလုပ်ငန်းများ၊ အားကစား သို့မဟုတ် လူမှုရေးကိစ္စများဖြစ်သော ကျောင်းသင်ခန်းစာအမှတ်မပေးသော ကိစ္စများမပါဝင်ပါ။

**ကြီးကြပ်သူယာဉ်မောင်း**[၂] = အသက် ၂၁ နှစ်အထက် NYS လိုင်စင်ကိုင်ဆောင်သူ မိဘ၊ အုပ်ထိန်းသူ၊ ယာဉ်မောင်းပညာရေးဆရာ/ယာဉ်မောင်းကျောင်းမှ နည်းပြဆရာ သို့မဟုတ် loco parentis တွင် ဖော်ပြမှုနှင့် ကိုက်ညီသူဖြစ်ရမည်။

# ရပ်ဆိုင်းထားမှုများနှင့် ပြန်လည်ရုပ်သိမ်းခြင်းများ

ယာဥ်မောင်းနှင်သူအားလုံးအတွက် ယာဥ်မောင်းနေစဥ် မည်သည့်လျှပ်စစ်ပစ္စည်းကိုမဆိုအသုံးပြုခြင်းသည် ဥပဒေအအားဆန့်ကျင်သည်။

**ပြစ်ဒဏ်များ။**

**ဆဲလ်ဖုန်းအသုံးပြုခြင်း သို့မဟုတ် စာပို့ခြင်းကဲ့သို့ချိုးဖောက်မှုအား ပထမအဆင့်ပြစ်ဒဏ်ချမှတ်ခြင်းရလဒ်မှာ သက်ငယ်တန်းယာဥ်မောင်းသင်ခွင့်ပါမစ်အား ရက်ပေါင်း ၁၂၀ ထိရပ်ဆိုင်းထားခြင်းနှင့် ယာဥ်စည်းကမ်းချိုးဖောက်မှုပြစ်ဒဏ် ၅ ချက်ဖြစ်သည်။**

**ဒုတိယအဆင့်ပြစ်ဒဏ်ချအရေးယူခြင်းတွင် ယာဥ်မောင်းသင်ပါမစ်ပြန်လည်ရယူနေစဥ်ခြောက်လအတွင်းဖြစ်ပွားပါက အနည်းဆုံးတစ်နှစ်ပြန်လည်ရုပ်သိမ်းခြင်း (ယာဥ်မောင်းခွင့်)နှင့် ယာဥ်စည်းကမ်းချိုးဖောက်မှုပြစ်ဒဏ် ၅ ချက်ဖြစ်သည်။**

NY ပြည်နယ်အောက်တွင် "Zero Tolerance Law"(သည်းခံခြင်းသုည ဥပဒေ)အရ အသက် ၂၁ နှစ်အောက်ယာဥ်မောင်းသူသည် သွေးတွင်းအရက်ပါဝင်မှုပမာဏ .၀၂ သို့မဟုတ် အထက်ရှိလျှင် တရားဝင်မောင်းနှင်ခွင့်မရှိပါ။ (ခံတွင်းဆေးရည် သို့မဟုတ် ချောင်းဆိုးပျောက်ဆေးပမာဏရှိသောအရာများတွင် အရက်ပမာဏကိုတွေ့ရှိစေသည်)

**ပြစ်ဒဏ်များ။**

**၆ လလိုင်စင်ဆိုင်းငံ့ခြင်း၊ ၁၂၅ ဒေါ်လာဒဏ်ငွေနှင့် ဒေါ်လာ ၁၀၀ ရပ်ဆိုင်းခံရခြင်းအခတို့ဖြစ်သည်။**

**ထပ်တိုးပြစ်ဒဏ်တစ်ခုစီတိုင်းအတွက် အသက် ၂၁ နှစ် မပြည့်မီအထိ စည်းကမ်းချိုးဖောက်မှုကြောင့် အသက်မပြည့်သေးသူများအတွက် အမောင်းသင်လက်မှတ်အား ထုတ်ပယ်မည်။ (ပို၍ကြာနိုင်သည်) ထို့အပြင် ၁၂၅ ဒေါ်လာ ဒဏ်ငွေနှင့် အမောင်းသင်လက်မှတ်ပြန်လည်လျှောက်ထားရန် ဒေါ်လာ ၁၀၀ အခပေးရန်ဖြစ်သည်။**



## အကယ်၍အောက်ဖော်ပြပါဖောက်ဖျက်မှုများအား တစ်ခုထက်ပို၍ကျူးလွန်ပါက မည်သို့ဖြစ်မည်နည်း။

သက်ငယ်တန်းယာဉ်မောင်းသင်ပါမစ် သို့မဟုတ် လိုင်စင်ကိုင်ဆောင်စဉ်အတွင်း စည်းကမ်းနှစ်ခုအားချိုးဖောက်ခဲ့လျှင် သင့်ဆယ်ကျော်သက်ကလေး၏ သက်ငယ်တန်းယာဉ်မောင်းသင်ပါမစ် သို့မဟုတ် လိုင်စင်ကို ယာဉ်မောင်းခွင့် ၆၀ ရက်ရပ်ဆိုင်းမည်။

အကယ်၍ စည်းကမ်းတစ်ခုဖြစ်သော " ယာဉ်စည်းကမ်းပြင်းထန်စွာချိုးဖောက်ခြင်း" ကိုကျူးလွန်လျှင် (ပုံမှန်အားဖြင့် ယာဉ်စည်းကမ်းချိုးဖောက်မှုပြစ်ဒဏ် သုံးချက် သို့မဟုတ် ပိုသောပြစ်ဒဏ်)၊ အရှိန်မြင့်၍မောင်းနှင်ခြင်း သို့မဟုတ် မောင်းနှင်စဉ်စာပို့ခြင်းကဲ့သို့ စည်းကမ်းချိုးဖောက်လျှင် လိုင်စင်ကိုရက်ပေါင်း ၆၀ ရပ်ဆိုင်းထားရမည်။ ဤဆိုင်းငံ့မှုပြီးဆုံးလျှင် အကယ်၍ ၆ လအတွင်း ယာဉ်စည်းကမ်းချိုးဖောက်မှုတစ်ခု သို့မဟုတ် အခြားနှစ်ခုကျူးလွန်ပါက ၎င်းတို့၏ သက်ငယ်တန်းယာဉ်မောင်းသင်ပါမစ် သို့မဟုတ် လိုင်စင်ကို  ရက် ၆၀ ရုပ်သိမ်းမည်။

အကယ်၍ လိုင်စင်အသိမ်းခံရပါက သင့်ဆယ်ကျော်သက်ယာဉ်မောင်းသည် ဆိုင်းငံ့ကာလပြီးဆုံးမှသာ ယာဉ်မောင်းနှင်ခွင့်ရှိသည်။ အကယ်၍ လိုင်စင်ရုပ်သိမ်းခံရပါက သင့်ဆယ်ကျော်သက်ယာဉ်မောင်းသည် လိုင်စင်ပြန်လျှောက်ရန် အစမှနေ၍ လျှောက်ထားခြင်းအား ရက် ၆၀ ပြီးလျှင် လုပ်ဆောင်ရမည်။

## သင့်ဆယ်ကျော်သက်ကလေး၏ မောင်းနှင်မှုအား ကြည့်ရှုကြပ်မတ်ပါ။

TEENS အစီအစဉ်အား NYS DMV ဖြင့်စာရင်းသွင်းပါ။ (ပေးဆောင်ရန်လက်မှတ်များ၊ ယာဉ်စည်းကမ်းချိုးဖောက်ကျူးလွန်မှု၊ ယာဉ်မောင်းလိုင်စင်ရပ်ဆိုင်းခံရမှုနှင့် အချို့သောယာဉ်မတော်တဆထိခိုက်မှုများ) ဤကဲ့သို့ တိကျသောအရာများဖြစ်ပါက သင်အကြောင်းကြားစာရရှိမည်ဖြစ်ပြီး သင့်ဆယ်ကျော်သက်ယာဉ်မောင်း၏ ယာဉ်မောင်းမှတ်တမ်းတွင် ထည့်သွင်းမည်ဖြစ်သည်။

http://dmv.ny.gov/dmv-records/monitor-my-teen-driver-teens

## သင်သည် သော့များကို ထိန်းချုပ်ပါ။

သင့်ဆယ်ကျော်သက်ကလေး၏ သက်ငယ်တန်းယာဉ်မောင်းသင်ပါမစ် သို့မဟုတ် ယာဉ်မောင်းလိုင်စင်ကို သဘောတူခွင့်ပြုထားသည့် မိဘ သို့မဟုတ် အုပ်ထိန်းသူဖြစ်သည့်အလျောက် အကယ်၍ သင့်ဆယ်ကျော်သက်ကလေးသည် ယာဉ်မောင်းရန် ခွင့်မပြုသင့်ပါဟုယူဆလျှင် ၎င်း၏ သက်ငယ်တန်းယာဉ်မောင်းသင်ပါမစ် သို့မဟုတ် ယာဉ်မောင်းလိုင်စင်အားပယ်ဖျက်ရန် အခွင့်အရေးရှိသည်။ DMV ပုံစံ MV-1W (သဘောတူညီမှုထုတ်ယူခြင်း) ကို ဖြည့်ပြီး DMV သို့၎င်းအား အပ်ပေးပါ။



http://dmv.ny.gov/forms/mv1w.pdf

# အဆင့် ၃။ ကန့်သတ်ချက်မဲ့လိုင်စင်

ပြည့်စုံသောကန့်သတ်ချက်မဲ့လိုင်စင်တစ်ခုကို မည်သည့်သက်ငယ်တန်းယာဉ်မောင်းလိုင်စင်ကိုင်ဆောင်သူထံမဆို ၎င်းတို့၏ ၁၈ နှစ်ပြည့်မွေးနေ့အပြီးတွင် စာဖြင့်ပို့မည်ဖြစ်သည်။ ကန့်သတ်ချက်မဲ့လိုင်စင်သည် အရွယ်ရောက်ပြီးသူများကိုင်ဆောင်သော လိုင်စင်နှင့်တူညီပြီး သင့်ဆယ်ကျော်သက်ကလေးအား NYS ၏ မည်သည့်နေရာကိုမဆို သတ်မှတ်ချိန်အတွင်းအပြင်မထွက်ရအမိန့် သို့မဟုတ် ခရီးသည်ဦးရေအကန့်အသတ်မရှိဘဲ မောင်းနှင်ခွင့်ပြုသည်။

## ယာဉ်မောင်းအသိပညာပေးဆိုင်ရာသင်တန်းအား တက်ရောက်ထားသော ဆယ်ကျော်သက်များ

သင့်ဆယ်ကျော်သက်ကလေးသည် ၎င်းတို့၏ လိုင်စင်အပြည့်အား Student Certificate of Completion (သင်တန်းပြီးမြောက်ကြောင်းလက်မှတ်) (DMV form MV-285) ယာဉ်မောင်းအသိပညာပေးသင်တန်းမှ ခွင့်ပြုချက်ရရှိထားသောလက်မှတ်ကိုရရှိပြီးပါက အသက် ၁၇ နှစ်အရွယ်တွင် လျှောက်ထားနိုင်ပါသည်။ အသက် ၁၇ နှစ်အရွယ်ယာဉ်မောင်းတစ်ဦးသည် ၎င်း၏ လမ်းပေါ်တွင်မောင်းနှင်မှုစစ်ဆေးခြင်းကိုအောင်မြင်၍ MV-285 အား DMV ထံသို့အပ်နှံလျှင် ထိုယာဉ်မောင်းကို ကန့်သတ်ထားခြင်းမရှိသောလိုင်စင်ထုတ်ပေးမည်ဖြစ်သည်။ အကယ်၍ သင့်ဆယ်ကျော်သက်ယာဉ်မောင်းသည် ၎င်းတို့၏ MV-285 ပုံစံစာရွက်မအပ်နှံခဲ့လျှင် ၎င်းတို့အား သင်ငယ်တန်းယာဉ်မောင်းလိုင်စင်ကိုင်ဆောင်ထားသူများအဖြစ်သာ စဉ်းစားမည်ဖြစ်ပြီး GDL ကန့်သတ်ချက်များအား ဆက်လက်လိုက်နာရမည်ဖြစ်သည်။

## ဘေးကင်းလုံခြုံစွာမောင်းနှင်နိုင်ရန် လေ့ကျင့်မှုရယူပါ။

ကန့်သတ်ချက်မဲ့လိုင်စင်ကိုရရှိထားခြင်းသည် ယာဉ်မောင်းနှင်ရန်သင်ယူခြင်းပြီးဆုံးသည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ ယာဉ်ကိုကျွမ်းကျင်စွာမောင်းနှင်တတ်ရန် နှစ်ရှည်လများအချိန်ယူရသည်။ ဆယ်ကျော်သက်များသည် ၎င်းတို့၏ ကျောင်း သို့မဟုတ် အခြားကျောင်းများမှ ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် သေဆုံးသူ သို့မဟုတ် ဆိုးဝါးသောထိခိုက်သူများရှိကြောင်း သိရှိထားကြပေမည်။ ၎င်းတို့သည် ယေဘုယျလူဦးရေထက် ပိုမိုအန္တရာယ်ရှိနေသေးသည်။ ၎င်းတို့အား ဘေးကင်းလုံခြုံစွာမောင်းနှင်တတ်စေရန် ဆက်လက်သင်ယူလေ့ကျင့်ရန် တိုက်တွန်းပါ။




# အဓိကအချက်များ

**သက်ငယ်တန်းယာဉ်မောင်းသင်ခွင့်ပါမစ်**

- လေ့ကျင့်ပါ၊ လေ့ကျင့်ပါ၊ လေ့ကျင့်ပါ။
- ကြီးကြပ်သူတစ်ဦးဖြင့်သာ မောင်းနှင်နိုင်သည်။
- လမ်းမပေါ်တွင် ယာဉ်မောင်းနှင်မှုစစ်ဆေးခြင်းအားဖြေဆိုရန် အနည်းဆုံး ခြောက်လစောင့်ရမည်။
- အကယ်၍ နယူးယောက်မြို့တွင် ယာဉ်မောင်းနှင်ပါက ဘရိတ်နှစ်ခုပါသော ယာဉ်ကိုမောင်းနှင်ရမည်။
- သက်ငယ်တန်းယာဉ်မောင်းလိုင်စင်တစ်ခုလက်ခံရရှိရန် လမ်းမပေါ်တွင် ယာဉ်မောင်းနှင်မှုစစ်ဆေးခြင်းကို အောင်မြင်ထားရမည်။
- နောက်ထပ်အသေးစိတ်အချက်အလက်အတွက် စာမျက်နှာ ၄ ကိုကြည့်ပါ။

**သက်ငယ်တန်းယာဉ်မောင်းလိုင်စင်**

- ည ၉ နာရီမှ မနက် ၅ နာရီအတွင်းမောင်းနှင်မှုကို ကန့်သတ်ထားသည်။
- အသက် ၂၁ နှစ်အောက် ခရီးသည်တစ်ဦးကိုသာ ခွင့်ပြုထားသည်။
- ယာဉ်မောင်းနှင်စဉ်အတွင်း လျှပ်စစ်ပစ္စည်းများ အသုံးမပြုနိုင်ပါ။ (ယာဉ်မောင်းအားလုံးအတွက်သက်ရောက်သည်။)
- NYC တွင် မောင်းနှင်၍မရပါ။
- နောက်ထပ်အသေးစိတ်အချက်အလက်အတွက် စာမျက်နှာ ၆ ကို ကြည့်ပါ။

**သတိပြုပါ။ သက်ငယ်တန်းယာဉ်မောင်းသင်ခွင့်ပါမစ်နှင့် လိုင်စင်ကန့်သတ်ချက်များအား သင်နေထိုင်သည့်နေရာတွင်မဟုတ်ဘဲ ယာဉ်မောင်းသည့်နေရာတွင် သက်ရောက်မှုရှိသည်။**





## ဤပုံနှိပ်ထုတ်ဝေမှုနှင့်ပတ်သက်၍ မေးခွန်းများမေးလိုပါက သို့မဟုတ် မိတ္တူများမှာယူလိုပါက

### နယူးယောက်ပြည်နယ်ကျန်းမာရေးဌာန

လုပ်ငန်းခွင်ဆိုင်ရာကျန်းမာရေးနှင့် ထိခိုက်ဒဏ်ရာရရှိမှု ကာကွယ်ရေးဆိုင်ရာ ဗျူရိုအဖွဲ့အစည်းသို့ ဆက်သွယ်ပါ။

**ဖုန်း** (518) 402-7900
**အီးမေးလ်။** injury@health.ny.gov

ယာဉ်မောင်းလိုင်စင်ဥပဒေအောင်မြင်ပြီးဆုံးခြင်း အကြောင်း ပိုမိုသိရှိလိုပါက နယူးယောက်ပြည်နယ် မော်တော်ယာဉ်ဌာန ဝက်ဘ်ဆိုက်သို့ သွားရောက်လေ့လာပါ။
www.dmv.ny.gov/youngerdriver

NYS ယာဉ်မောင်းနှင်မှုလုံခြုံရေးအဖွဲ့၏ အုပ်ချုပ်ရေးမှူးခွင့်ပြုချက်ဖြင့် နိုင်ငံတော် ဆိုင်ရာအဝေးပြေးလမ်းမပေါ် ယာဉ်ဘေးကင်းစွာမောင်းနှင်ရန် အုပ်ချုပ်ရေးမှ ရန်ပုံငွေ ထောက်ပံ့သည်။

Translated by Tone, the translation department at The Center, with permission from the New York State Department of Health.

THE CENTER

tone
translation of nearly everything

NEW YORK STATE OF OPPORTUNITY. Governor's Traffic Safety Committee

NEW YORK STATE Department of Health